Burmese | မြန်မာ

# ဦးစားပေး အခြေခံကျန်းမာရေး စောင့်ရှောက်မှုဌာနများ (Priority Primary Care Centres)

## ဆရာဝန်ကို အရေးပေါ်ပြသရန် လိုပါသလား။

ဦးစားပေး အခြေခံကျန်းမာရေး စောင့်ရှောက်မှုဌာနများ (Priority Primary Care Centres - PPCCs) သည် အရေးပေါ်ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နာမကျန်းသူ မည်သူမဆိုကို အခမဲ့ ကုသပေးသည်။

PPCC ဆရာဝန်များသည် သင် လိုအပ်သည့်ကုသမှုကို ဆေးရုံ အရေးပေါ်လူနာဌာနထက် လျင်မြန်စွာ ကုသပေးပါမည်။

ထိုဆရာဝန်များသည် မပြင်းထန်သော ကူးစက်ရောဂါများ၊ သာမန် အပူလောင်ခြင်းများ၊ အဆစ်လွဲခြင်းများ သို့မဟုတ် သံသယရှိနိုင်ဖွယ်ဖြစ်သော အရိုးကျိုးခြင်းကဲ့သို့ ရောဂါများကို ကုသပေးနိုင်သည်။ PPCC ဝန်ဆောင်မှုများတွင် ရောဂါရှာဖွေခြင်း၊ ဓါတ်မှန်ရိုက်ခြင်းနှင့် ဆေးပေးခြင်းများ ပါဝင်သည်။

**အကယ်၍ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် နာမကျန်းမှုဖြစ်ပါက သုညသုံးလုံး (000) ကို ဖုန်းခေါ်ပါ။ အရေးပေါ်ကုသမှု မလိုပါက သင့် ပုံမှန်ပြနေကျ ဆရာဝန်နှင့် ပြသရန် ရက်ချိန်းယူပါ။**

PPCC ဝန်ဆောင်မှုများမှာ မက်ဒီကဲကတ်ပြား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လူတိုင်းအတွက် အခမဲ့ဖြစ်သည်။

PPCCများတွင် စကားပြန်များ ရရှိနိုင်ပါသည်။ ဘာသာပြန်နှင့်စကားပြန်ဌာန (TIS National) ဖုန်း ၁၃၁ ၄၅၀ ကို ဆက်သွယ်ပါ။

**တည်ရှိရာ နေရာများနှင့် အချက်အလက်ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် betterhealth.vic.gov.au/priority-primary-care-centres တွင် ကြည့်ရှုပါ-**

TIS TRANSLATING AND INTERPRETING SERVICE

phn VICTORIAN-TASMANIAN ALLIANCE
An Australian Government Initiative

VICTORIA State Government